**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**အမှတ် (၁) စက်မှုဝန်ကြီးဌာန**

**(ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ)**

**အမိန့်ကြော်ငြာစာအမှတ် ၂၃/ ၉၁**

**ရန်ကုန်မြို့၊ ၁၃၅၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်**

**(၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ အမှတ် (၁) စက်မှုဝန်ကြီးဌာနသည် ပုဂ္ဂလိကစက်မှု လုပ်ငန်းဥပဒေပုဒ်မ ၃၄၊ ပုဒ်မခွဲ (က)အရ၊ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤလုပ်ထုံးလုပ်နည်းများကို **ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**ဟု ခေါ်တွင် စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေတွင် ပါရှိ သည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်၊ ထို့ပြင်အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေကိုဆိုသည်၊

(ခ) **ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာန**ဆိုသည်မှာ ဦးစီးဌာန၏ ပြည်နယ်၊ သို့မဟုတ် တိုင်းဦးစီးဌာန ကိုဆိုသည်၊

(ဂ) **ပုံစံ**ဆိုသည်မှာ ဤလုပ်ထုံးလုပ်နည်းများတွင်သုံးစွဲသော ပုံစံကိုဆိုသည်။

**အခန်း (၂)**

**မှတ်ပုံတင်ခြင်း**

၃။ ဥပဒေပုဒ်မ ၄ ပါပြဋ္ဌာန်းချက်များနှင့်အညီ ပုဂ္ဂလိကစက်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူ သို့မဟုတ် ဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်နေသူသည် မှတ်ပုံ တင်ရန်မိမိ၏လုပ်ငန်းတည်ရှိရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးထံ ပုံစံ (က) ကို ၃ စောင်ဖြည့် သွင်းရေးသား၍ ဓာတ်ပုံ ၃ ပုံနှင့်အတူလျှောက်ထားရမည်။

၄။ ဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ပုဂ္ဂလိကစက်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်နေသူသည် ဤလုပ်ထုံး လုပ်နည်းများထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၁၂၀ အတွင်းမှတ်ပုံတင်လျှောက်ထားရမည်။

၅။ ရက်ပေါင်း ၁၂၀ အတွင်း မှတ်ပုံတင်လျှောက်ထားသည့် ပုဂ္ဂလိက စက်မှုလုပ်ငန်းလုပ်ကိုင်နေသူသည် ညွှန်ကြားရေးမှူးချုပ်ထံမှ ညွှန်ကြားချက်တစ်စုံတစ်ရာ မရသေးမီကာလအတွင်း ဆက်လက်လုပ်ကိုင်ခွင့် ရှိသည်။

Myanmar Law Information System (MLIS)

၆။ ရက်ပေါင်း ၁၂၀ ကျော်လွန်ပြီးမှ ပုဂ္ဂလိက စက်မှုလုပ်ငန်းမှတ်ပုံတင်လျှောက်ထားသူများသည် မှတ်ပုံတင်ခွင့်မရရှိသေးမီကာလအတွင်း လုပ်ငန်းကိုရပ်ဆိုင်းထားရမည်။

၇။ ဥပဒေပြဋ္ဌာန်းသည့်နေ့နောက်ပိုင်း ပုဂ္ဂလိကစက်မှုလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသူသည် မှတ်ပုံ တင်ခွင့်ရရှိမှသာ လုပ်ငန်းကို စတင်လည်ပတ်လုပ်ကိုင်ရမည်။

၈။ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနသည် ပုံစံ (က) ၃ စောင်ကိုလက်ခံရရှိသည့်အခါ လက်ခံသူအရာရှိသည်လျှောက်လွှာလက်ခံအမှတ်စဉ်နှင့် ရက်စွဲတို့ကို ရေးသားဖြည့်သွင်းလက်မှတ်ရေးထိုး၍ မူရင်းနှင့် ပထမမိတ္တူကို လက်ခံယူထားပြီး၊ ဒုတိယမိတ္တူကို လျှောက်ထားသူသို့ ပြန်လည်ပေးအပ်ရမည်။

၉။ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် လျှောက်လွှာတွင် ဖော်ပြထားချက်များ မှန်ကန်မှု ရှိမရှိ နှင့် ဥပဒေအရ သတ်မှတ်ထားသော စက်မှုလုပ်ငန်းအတွက် လိုအပ်ချက်များနှင့် ညီညွတ်မှုရှိ မရှိတို့ကို သိရှိနိုင်ရန် ပုံစံ (ခ) ဖြင့် ကွင်းဆင်းစစ်ဆေးရမည်။

၁၀။ ကွင်းဆင်းစစ်ဆေးမှုများ ပြီးစီးသည့်အခါ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် လျှောက် လွှာနှင့်ပုံစံ (ခ) ကိုမိမိ၏သဘောထားမှတ်ချက်နှင့် အတူကြီးကြပ်ရေးအဖွဲ့သို့ ဆက်လက်ပေးပို့ရမည်။

၁၁။ ကြီးကြပ်ရေးအဖွဲ့သည် ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးက ပေးပို့လာသော လျှောက်လွှာနှင့် ပုံစံ (ခ) တို့ကို ရရှိသည့်အခါ မှတ်ပုံတင်ပေးရန် ထောက်ခံချက်ပေးခြင်း၊ ထောက်ခံချက်ပေးရန် ငြင်းပယ် ခြင်း၊ ပြောင်းရွှေ့စေခြင်း၊ ရပ်ဆိုင်းစေခြင်း သို့မဟုတ် ပိတ်သိမ်းစေခြင်းတို့နှင့် စပ်လျဉ်းသည့် သဘော ထားမှတ်ချက်ကို ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးမှ တစ်ဆင့်ညွှန်ကြားရေးမှူးချုပ်ထံတင်ပြရ မည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် ကြီးကြပ်ရေးအဖွဲ့၏တင်ပြချက်အပေါ် လိုအပ်သလိုစိစစ်၍ မှတ်ပုံတင် ခွင့်ပြုခြင်း၊ မှတ်ပုံတင်ခွင့်ပြုရန် ငြင်းဆိုခြင်း၊ ပြောင်းရွှေ့စေခြင်း၊ ရပ်ဆိုင်းစေခြင်း သို့မဟုတ် ပိတ်သိမ်း စေခြင်းပြုရမည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်ရန်ခွင့်ပြုသော ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ဦးစီးဌာနသည် အောက်ပါအတိုင်း လုပ်ငန်းအရွယ်အစားသတ်မှတ်ပြီး မှတ်ပုံတင်ပေးရမည်-

(က) **အငယ်စားပုဂ္ဂလိက စက်မှုလုပ်ငန်း**အဖြစ် သတ်မှတ်ရာတွင် မတည်ရင်းနှီးငွေပမာဏ ကျပ် ၁ သန်းအထိရှိခြင်း သို့မဟုတ် ကုန်ထုတ်လုပ်မှု တန်ဖိုးတစ်နှစ်လျှင် ကျပ် ၂.၅ သန်းအထိရှိခြင်း သို့မဟုတ် မြင်းကောင်ရေ ၂၅ ကောင်အားအထိ အသုံးပြုခြင်း သို့မဟုတ် လုပ်ခစားအလုပ်သမား ၅၀ ဦးအထိရှိ ခြင်း၊

(ခ) **အလတ်စားပုဂ္ဂလိကစက်မှုလုပ်ငန်း** အဖြစ်သတ်မှတ်ရာတွင် မတည်ရင်းနှီးငွေပမာဏ ကျပ် ၁ သန်းထက်ကျော်လွန်ပြီး ကျပ် ၅ သန်းအထိရှိခြင်း သို့မဟုတ် ကုန်ထုတ်လုပ်မှု တန်ဖိုး တစ်နှစ်လျှင် ကျပ် ၂.၅ သန်းထက်ကျော်လွန်ပြီး ကျပ် ၁၀ သန်းအထိရှိခြင်း သို့မဟုတ် မြင်းကောင်ရေ ၂၅ ကောင်အားထက် ကျော်လွန်ပြီး ၅၀ ကောင်အားအထိအသုံးပြုခြင်း သို့မဟုတ် လုပ်ခစားအလုပ်သမား ၅၀ ဦးထက်ကျော် လွန်ပြီး ၁၀၀ ဦးအထိရှိခြင်း၊

(ဂ) **အကြီးစားပုဂ္ဂလိက စက်မှုလုပ်ငန်း** အဖြစ်သတ်မှတ်ရာတွင် မတည်ရင်းနှီးငွေပမာဏ ကျပ် ၅ သန်း အထက်ရှိခြင်း သို့မဟုတ် ကုန်ထုတ်လုပ်မှုတန်ဖိုး တစ်နှစ်လျှင် ကျပ် ၁၀ သန်းအထက်ရှိခြင်း သို့မဟုတ် မြင်းကောင်ရေ ၅၀ ကောင်အား အထက်အသုံးပြုခြင်း သို့မဟုတ် လုပ်ခစားအလုပ်သမား ၁၀၀ ဦးအထက်ရှိခြင်း။

Myanmar Law Information System (MLIS)

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်ခွင့်ပြုပြီးသော ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို မှတ်ပုံတင် လက်မှတ် ထုတ်ပေးနိုင်ရန် **ပုံစံ (ဂ)** တွင် လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးဌာနမှူးထံပေးပို့၍ ခွင့်ပြုကြောင်း အကြောင်းပြန်ကြားရမည်။

၁၅။ ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်ပေးရန်ငြင်းဆိုခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းပြုလုပ်လျှင် မည်သည့် အကြောင်းကြောင့် ယင်းသို့ပြုလုပ်ကြောင်းကို သက်ဆိုင်သူထံသို့ ပြည်နယ် သို့မဟုတ် တိုင်းဦး စီးဌာနမှူးမှတစ်ဆင့် စာဖြင့် အကြောင်းကြားရမည်။

၁၆။ ဦးစီးဌာနသည် မှတ်ပုံတင်ပေးသော ပုဂ္ဂလိကစက်မှုလုပ်ငန်းများကို ပြည်နယ်နှင့်တိုင်းအလိုက်၊ လုပ်ငန်းအရွယ်အစားအလိုက် ခွဲခြားထားသော စက်မှုလုပ်ငန်းမှတ်ပုံတင်စာအုပ် ပုံစံ (ဃ) တွင် စာရင်း ရေးသွင်းရမည်။

၁၇။ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် မှတ်ပုံတင်ခွင့်ရရှိသော ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင် အား လုပ်ငန်းအရွယ်အစားအလိုက် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ဦးစီးဌာနက သတ်မှတ် ထားသော ငွေစာရင်းခေါင်းစဉ်ဖြင့် သက်ဆိုင်ရာ ဘဏ်သို့ပေးသွင်းရန် အကြောင်း ကြားရမည်။ ယင်းသို့ ပေးဆောင်ပြီးကြောင်းအထောက်အထား တင်ပြသည့်အခါ မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

၁၈။ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် မှတ်ပုံတင်ကြေး ပေးသွင်းရမည့်နောက်ဆုံးရက်ကို သတ်မှတ်ပေးရမည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပြီးရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင် ကြေးပေး သွင်းပါက မှတ်ပုံတင်ကြေးအပြင် သတ်မှတ်ထားသောဒဏ်ကြေးကိုလည်း ပေး ဆောင်စေရမည်။

၁၉။ ခွင့်ပြုထားသည့်ကာလ ကုန်ဆုံးသည်အထိ မှတ်ပုံတင်ကြေးနှင့် ဒဏ်ကြေးကိုပေးဆောင်ပြီးကြောင်း အထောက်အထားတင်ပြခြင်းမရှိပါက သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် ညွှန်ကြားရေးမှူးချုပ်ထံ မှတ်ပုံတင်ခွင့်ပြုချက်ကို ပယ်ဖျက်ပေးရန်တင်ပြရမည်။

## အခန်း (၃)

## မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်း

၂၀။ လုပ်ငန်းရှင်သည် မှတ်ပုံတင်သက်တမ်း မကုန်ဆုံးမီရက်ပေါင်း ၃၀ အတွင်းကြိုတင်၍ မှတ်ပုံတင် သက်တမ်းတိုးမြှင့်ပေးရန် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးထံ **ပုံစံ (င) ဖြင့်** လျှောက် ထားရမည်။

၂၁။ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် သတ်မှတ်ချက်များနှင့် ညီညွတ်ကြောင်းစစ်ဆေး တွေ့ ရှိရသည့်အပြင် သတ်မှတ်ထားသောမှတ်ပုံတင်သက်တမ်း တိုးမြှင့်ကြေးကိုပါလျှောက်ထားသူက ပေး သွင်းပြီးကြောင်း အထောက်အထားတင်ပြသည့်အခါ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရမည်။

၂၂။ လုပ်ငန်းရှင်သည် မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၆၀ အတွင်း မှတ်ပုံတင်သက် တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်းဖြစ်ပါက မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေးအပြင် သတ်မှတ် ထားသော ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

Myanmar Law Information System (MLIS)

၂၃။ လုပ်ငန်းရှင်သည် ခွင့်ပြုထားသည့်ကာလ ကုန်ဆုံးသည်အထိ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် သက်မှတ်ထားသည့် နည်းလမ်းအတိုင်းလျှောက်ထားခြင်းမရှိပါက သက်ဆိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် မှတ်ပုံတင်ကို စာရင်းမှပယ်ဖျက်ရန် ဦးစီးဌာနသို့ တင်ပြရမည်။

## အခန်း (၄)

## မှတ်ပုံတင်လက်မှတ် ပျက်စီးပျောက်ဆုံးခြင်း

၂၄။ လုပ်ငန်းရှင်သည် မှတ်ပုံတင်လက်မှတ်ပျောက်ဆုံးလျှင် မှတ်ပုံတင်လက်မှတ်မိတ္တူကို ထုတ်ပေးရန် ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးထံ ခိုင်လုံသောအထောက်အထားများနှင့်အတူ လျှောက်ထားရ မည်။

၂၅။ အပိုဒ် ၂၄ အရ လျှောက်ထားလာသည့်အခါ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူး သည်သေချာစွာစိစစ်ပြီး ခိုင်လုံသော အထောက်အထားတွေ့ရှိမှသာလျှင် သတ်မှတ်ထားသည့် ဒဏ်ကြေး ကိုလျှောက်ထားသူအား ပေးသွင်းစေပြီး မှတ်ပုံတင်လက်မှတ်မိတ္တူကို ထုတ်ပေးရမည်။

၂၆။ လုပ်ငန်းရှင်သည် မှတ်ပုံတင်လက်မှတ်ပျက်စီးလျှင် သို့မဟုတ် မထင်မရှားဖြစ်လျှင် မူရင်းမှတ်ပုံတင် လက်မှတ်နှင့်ပူးတွဲလျက် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးထံ မှတ်ပုံတင်လက်မှတ် မိတ္တူထုတ်ပေးရန် လျှောက်ထားရမည်။

၂၇။ အပိုဒ် ၂၆ အရ လျှောက်ထားလာသည့်အခါ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးမှူးသည် လိုအပ်သလိုစိစစ်၍ သတ်မှတ်ထားသည့်ဆောင်ရွက်မှု အခကြေးငွေကို လျှောက်ထားသူအား ပေးသွင်း စေပြီး မှတ်ပုံတင်လက်မှတ်မိတ္တူကိုထုတ်ပေးရမည်။

၂၈။ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် အပိုဒ် ၂၅ နှင့် အပိုဒ် ၂၇ အရ မှတ်ပုံတင်လက်မှတ် မိတ္တူကို ထုတ်ပေးပြီးသည့်အခါ ယင်းသို့ထုတ်ပေးပြီးကြောင်းကို ဦးစီးဌာနသို့ တင်ပြအစီရင်ခံရမည်။

## အခန်း (၅)

## မှတ်ပုံတင်ပြီးသည့် လုပ်ငန်းများတွင် အပြောင်းအလဲများပြုလုပ်ခြင်း

၂၉။ လုပ်ငန်းရှင်သည် မိမိ၏လုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းတည်နေရာ ပြောင်းရွှေ့လိုလျှင် သက်ဆိုင် ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးထံ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းအတွင်းရှိစည် ပင်သာယာရေးကော်မတီ၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ပြည်တွင်း အခွန်များ ဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် လူမှုဖူလုံရေးအဖွဲ့တို့၏ သဘောထားမှတ်ချက်များနှင့် အတူလျှောက်ထားရမည်။

၃၀။ လုပ်ငန်းရှင်သည် မိမိ၏လုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းအမျိုးအမည် ပြောင်းလဲခြင်း၊ လုပ်ငန်းအ ချင်းချင်းပေါင်းစပ်ခြင်း၊ လုပ်ငန်းခွဲခြမ်းစိတ်ဖြာခြင်းကို ဆောင်ရွက်လိုလျှင် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးထံ ခွင့်ပြုချက်ရရှိရေးအတွက် လျှောက်ထားရမည်။

Myanmar Law Information System (MLIS)

၃၁။ လုပ်ငန်းရှင်သည် မိမိ၏လုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းအမည်ပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲ ပြောင်း ခြင်းကို ဆောင်ရွက်လိုလျှင် မှတ်ပုံတင်ကြေး၏ ၂၅ ရာခိုင်နှုန်းနှင့်ညီမျှသော ဆောင်ရွက်မှု အခကြေးငွေ ကို သတ်မှတ်သည့် နည်းလမ်းအတိုင်း ပေးသွင်း၍ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာန မှူးထံ လျှောက်ထားရမည်။

၃၂။ လုပ်ငန်းရှင်သည် မိမိ၏လုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းခေတ္တရပ်ဆိုင်းခြင်း၊ အမြဲတမ်းပိတ်ခြင်းကို ဆောင်ရွက်လိုလျှင် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးထံ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းအတွင်းရှိ စည်ပင်သာယာရေးကော်မတီ၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် လူမှုဖူလုံရေးအဖွဲ့တို့၏ သဘောထားမှတ်ချက်များနှင့်အတူလျှောက်ထားရမည်။

၃၃။ အပိုဒ် ၂၉၊ ၃၀၊ ၃၁ သို့မဟုတ် ၃၂ အရ လျှောက်ထားချက်အား ပြည်နယ် သို့မဟုတ် တိုင်းဦးစီး ဌာနမှူးသည် လိုအပ်သလိုစိစစ်ခြင်း၊ စစ်ဆေးခြင်းပြုလုပ်၍ ကြီးကြပ်ရေးအဖွဲ့၏ သဘောထားမှတ် ချက်နှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

၃၄။ အပိုဒ် ၃၃ အရ တင်ပြလာလျှင် ညွှန်ကြားရေးမှူးချုပ်သည် လိုအပ်သလိုစိစစ်၍ ခွင့်ပြုချက်ထုတ် ပေးနိုင်သည် သို့မဟုတ် ခွင့်ပြုချက်ထုတ်ပေးရန် ငြင်းဆိုနိုင်သည်။

## အခန်း (၆)

## ပုဂ္ဂလိကစက်မှုလုပ်ငန်းများအား ကူညီပံ့ပိုးခြင်း

၃၅။ လုပ်ငန်းရှင်သည် ဥပဒေပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ ပုဒ်မခွဲ (က) ပါလိုအပ်ချက်များကို ကူညီပံ့ပိုးပေးရန် အတွက်ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူး ထံလျှောက်ထားနိုင်သည်။

၃၆။ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် ကြီးကြပ်ရေးအဖွဲ့မှ ဆောင်ရွက်ပေးနိုင် မည့်ကိစ္စ ရပ်များကို ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်ရမည်။

၃၇။ အပိုဒ် ၃၅ အရ လျှောက်ထားလာသည့်ကိစ္စတွင် ညွှန်ကြားရေးမှူးချုပ်ကသာ ဆောင်ရွက်ပေးနိုင် မည့်ကိစ္စဖြစ်ပါက သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် ညွှန်ကြားရေးမှူးချုပ်ထံ သဘောထားမှတ်ချက်ဖြင့် တင်ပြရမည်။

၃၈။ ညွှန်ကြားရေးမှူးချုပ်သည် အခြားဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် ပုဂ္ဂလိကစက်မှုလုပ်ငန်း ညှိနှိုင်းရေးအဖွဲ့သို့ ဆက်လက်တင်ပြရမည်။

၃၉။ လုပ်ငန်းရှင်သည် လုပ်ငန်းလိုအပ်ချက်အရ နိုင်ငံခြားမှ ကျွမ်းကျင်သူများနှင့် အတတ်ပညာရှင်များ ကိုရယူရန် သို့မဟုတ် ငှားရမ်းရန်လိုအပ်ပါက အောက်ပါအချက်များကိုဖော်ပြလျက် သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးထံ လျှောက်ထားရမည်၊

(က) ရယူရန် သို့မဟုတ် ငှားရမ်းရန်လိုအပ်သည့် နိုင်ငံခြားမှ ကျွမ်းကျင်သူ/အတတ်ပညာရှင်တစ်ဦး ချင်း၏-

(၁) အမည်၊

(၂) ရာထူး/အဆင့်၊ လုပ်ငန်းဌာနနှင့် နေရပ်လိပ်စာအပြည့်အစုံ၊

(၃) ပညာအရည်အချင်းနှင့် အထူးပြုသည့် လုပ်ငန်းကျွမ်းကျင်မှုအတတ်ပညာဘာသာရပ်၊

(၄) မိခင်နိုင်ငံအမည်နှင့် ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်အမှတ်

(ခ) ရယူရန် သို့မဟုတ် ငှားရမ်းရန် လိုအပ်သည့်-

(၁) အကြောင်းရင်း၊

(၂) ကာလအပိုင်းအခြား၊

(ဂ) ပေးအပ်မည့် လစာနှင့် အခြားခံစားခွင့်များ၊

(ဃ) အပိုဒ်ခွဲ (ဂ) အရ ပေးအပ်မည့် လစာနှင့် အခြားခံစားခွင့်များကို နိုင်ငံခြားငွေနှင့် ပေးရမည်ဆိုပါက နိုင်ငံခြားငွေကို မည်သို့ရရှိနိုင်မည်ကို ဖော်ပြရန်။

၄၀။ အပိုဒ် ၃၉ အရ လျှောက်လွှာကို လက်ခံရရှိသည့်အခါ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် ယင်းစက်မှုလုပ်ငန်း၌ နိုင်ငံခြားမှ ကျွမ်းကျင်သူအတတ်ပညာရှင်ရယူရန် သို့မဟုတ် ငှားရမ်းရန် အမှန် တကယ်လိုအပ်ခြင်းရှိ မရှိနှင့် ပြည်တွင်းမှ အလားတူကျွမ်းကျင်သူအတတ်ပညာရှင် ခန့်ထားနိုင်ခြင်း ရှိ မရှိကို လိုအပ်သောစိစစ်မှု၊ စစ်ဆေးမှုများပြုလုပ်၍ ကြီးကြပ်ရေးအဖွဲ့၏ သဘောထားမှတ်ချက်နှင့် အတူ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။ ညွှန်ကြားရေးမှူးချုပ်သည် လိုအပ်သလိုစိစစ်၍ မိမိ၏သဘော ထားမှတ်ချက်နှင့်အတူ ဝန်ကြီးထံတင်ပြရမည်။

## အခန်း (၇)

## စစ်ဆေးခြင်း၊ အရေးယူခြင်း

၄၁။ မည်သည့်ပုဂ္ဂလိက စက်မှုလုပ်ငန်းကိုမဆို ဥပဒေအရ မှတ်ပုံတင်ရမည့် စက်မှုလုပ်ငန်း ဟုတ် မဟုတ် အောက်ပါပုဂ္ဂိုလ်များကစစ်ဆေးနိုင်သည်-

(က) ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းက တာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာန၏ဝန်ထမ်း၊

(ခ) ကြီးကြပ်ရေးအဖွဲ့၊ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူး သို့မဟုတ် ယင်းတို့က တာဝန်ပေးအပ် ခြင်းခံရသော ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာန၏ ဝန်ထမ်း။

၄၂။ အပိုဒ် ၄၁ အရ၊ စစ်ဆေးရာတွင် ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(က)ပါ စက်မှုလုပ်ငန်း ဟုတ် မဟုတ် အငြင်း ပွားမှုပေါ်ပေါက်လာလျှင် ညွှန်ကြားရေးမှူးချုပ်မှ တစ်ဆင့်ဝန်ကြီးထံတင်ပြ၍ အဆုံးအဖြတ်ရယူရမည်။

၄၃။ ဥပဒေအရ မှတ်ပုံတင်ထားသော မည်သည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းကိုမဆို သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိမရှိ အောက်ပါပုဂ္ဂိုလ်များက စစ်ဆေးနိုင်သည်-

(က) ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ယင်းကတာဝန်ပေးအပ်ခြင်းခံရသော ဦးစီးဌာန၏ ဝန်ထမ်း၊

(ခ) ကြီးကြပ်ရေးအဖွဲ့၊ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူး သို့မဟုတ် ယင်းတို့က တာဝန် ပေးအပ် ခြင်းခံရသော ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာန၏ ဝန်ထမ်း။

Myanmar Law Information System (MLIS)

၄၄။ အပိုဒ် ၄၃ အရ၊ စစ်ဆေးရာတွင် ဥပဒေပါတားမြစ်ချက် တစ်ရပ်ရပ် သို့မဟုတ် ဦးစီးဌာနက သတ်မှတ်သည့်စည်းကမ်းချက်၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်ကို ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ညွှန်ကြားရေးမှူးချုပ်ထံတင်ပြဆောင်ရွက်ရမည်။

၄၅။ မှတ်ပုံတင်ထားသော ပုဂ္ဂလိက စက်မှုလုပ်ငန်း တစ်ခုခုကို စစ်ဆေးသည့်အခါလုပ်ငန်းရှင် သို့မဟုတ် စီမံအုပ်ချုပ်သူသည် စစ်ဆေးခြင်းကို ခံယူရမည်။

၄၆။ ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (ခ) အရ၊ တပ်ရိုက်သည့်ဒဏ်ကြေးကို သက်ဆိုင်ရာလုပ်ငန်းရှင်က ပေး ဆောင်ရန်ပျက်ကွက်လျှင်၊ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၃၂ အရ ယင်းဒဏ်ကြေးကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရ ကောက်ခံရန် ဆောင်ရွက်ရမည်။

၄၇။ ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုလုပ်လျှင်မည်သည့် အကြောင်းကြောင့် မည်သည့်နေ့ရက်မှစ၍ ယင်းသို့ ပြုလုပ်ကြောင်းကို သက်ဆိုင်သူထံသို့ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးမှ တစ်ဆင့် စာဖြင့်အကြောင်းကြားရမည်။

၄၈။ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် အောက်ပါအချက်တစ်ရပ်ရပ်ကို စစ်ဆေး တွေ့ရှိလျှင်၊ ဥပဒေပုဒ်မ ၂၈ အရ ပုဂ္ဂလိက စက်မှုလုပ်ငန်းလုပ်ကိုင်နေသူအား တရားစွဲဆိုနိုင်ရန် ဆောင်ရွက်ရမည်-

(က) ဥပဒေပုဒ်မ ၄ အရ၊ မှတ်ပုံတင်ရန် လိုအပ်လျက်နှင့်မှတ်ပုံတင်လျှောက်ထားခြင်း မရှိဘဲ လုပ်ငန်း လုပ်ကိုင်ခြင်း၊

(ခ) ဥပဒေပြဋ္ဌာန်းသည့်နေ့တွင် လုပ်ငန်းလုပ်ကိုင်သူသည် မှတ်ပုံတင်လျှောက်ထားရာတွင် ညွှန်ကြား ရေးမှူးချုပ်ထံမှ မှတ်ပုံတင်ခွင့်မပြုကြောင်းအကြောင်းကြားစာရရှိပြီးနောက် ဆက်လက် လုပ်ကိုင်နေ ခြင်း၊

(ဂ) ဥပဒေပြဋ္ဌာန်းပြီးနောက် ပုဂ္ဂလိကစက်မှုလုပ်ငန်းလုပ်ကိုင်လိုသူသည် မှတ်ပုံတင်လျှောက်ထားရာ တွင် ခွင့်ပြုချက်မရရှိသေးမီ လုပ်ငန်းလုပ်ကိုင်ခြင်း၊

(ဃ) မှတ်ပုံတင် ပျက်ပြယ်ပြီးနောက် ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်း။

## အခန်း (၈)

## အယူခံခြင်း

၄၉။ ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (က) အရ၊ ဝန်ကြီးထံအယူခံရာတွင် အယူခံအကြောင်းပြချက်နှင့်အတူ ညွှန်ကြားရေးမှူးချုပ်၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်မိတ္တူမှန်ပူးတွဲပါရှိရမည်။

၅၀။ ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) အရ၊ ဝန်ကြီး၏ဆုံးဖြတ်ချက်ကို ဝန်ကြီးဌာနက သက်ဆိုင်သူထံသို့ စာဖြင့်အကြောင်းကြားရမည်။ ထို့ပြင်ဆုံးဖြတ်ချက်မိတ္တူကို ညွှန်ကြားရေးမှူးချုပ်ထံပေးပို့ရမည်။

## အခန်း (၉)

## အထွေထွေ

Myanmar Law Information System (MLIS)

၅၁။ သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းဦးစီးဌာနမှူးသည် ဥပဒေကို ဖောက်ဖျက်ကျူးလွန်သူအား ပုဒ်မ ၂၈အရ တရားစွဲဆိုပါက အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) တရားရုံးက အမှုစစ်ဆေးနေစဉ်အတွင်း လုပ်ငန်းဆက်လက်လုပ်ကိုင်ခြင်းမပြုနိုင်စေရန် သက်ဆိုင် ရာ ဌာနများနှင့်ညှိနှိုင်း၍ အရေးယူဆောင်ရွက်ခြင်း၊

(ခ) တရားရုံးက ဥပဒေပုဒ်မ ၂၈ အရ ပြစ်မှု ထင်ရှားစီရင်ပြီးနောက် လုပ်ငန်းဆက်လက် လုပ်ကိုင်နေ ပါက ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (က) အရ ဆောင်ရွက်နိုင်ရန် ညွှန်ကြားရေးမှူးချုပ်မှတစ်ဆင့် ဝန်ကြီးထံ တင်ပြခြင်း။

၅၂။ ညွှန်ကြားရေးမှူးချုပ်က ဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ (ခ) အရ ဒဏ်ကြေးငွေတပ်ရိုက်ပါက သတ်မှတ် သည့်နေ့ရက်အတွင်း ဒဏ်ကြေးပေးဆောင်ရမည်။ ဒဏ်ကြေးပေးဆောင်ပြီးမှသာလျှင် လုပ်ငန်းကိုဆက် လက်လုပ်ကိုင်ခွင့်ရှိသည်။

၅၃။ မှတ်ပုံတင်သက်တမ်း၊ မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ကြေး၊ ဒဏ်ကြေးနှင့်ဆောင် ရွက်မှု အခကြေးငွေများသည် ဦးစီးဌာနကသတ်မှတ်သည့်အတိုင်းဖြစ်သည်။

၅၄။ ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ဤလုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထား ခြင်းမရှိလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်သည်။

ဒုတိယ ဗိုလ်ချုပ်ကြီး စိန်အောင်၊<br>ဝန်ကြီး၊<br>ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊<br>အမှတ် (၁) စက်မှုဝန်ကြီးဌာန။

**----- Attachment -----**

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ (က)ပုဂ္ဂလိက စက်မှုလုပ်ငန်းမှတ်ပုံတင်လျှောက်လွှာ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ (ခ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေပုဒ်မ ၄ အရမှတ်ပုံတင်လျှောက်ထားခြင်းကို စစ်ဆေးသည့်ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ဒေသန္တရစက်မှုကြီးကြပ်ရေးနှင့် လုပ်ငန်းစစ်ဆေးမှုညွှန်ကြားရေးဦးစီးဌာနပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ (ဃ)ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်စာအုပ်

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ (င) မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန်လျှောက်ထားခြင်း

Myanmar Law Information System (MLIS)